မဟာစာပေ

အမှတ် ၁၅၂၊ ဧယျာသုခလမ်း၊ က–ရပ်ကွက်၊ သုဝဏ္ဏာ
သင်္ဃန်းကျွန်းမြို့နယ် ၊ ရန်ကုန်မြို့။

**၀၉ ၄၅၀၆၂၃၃၈၃ ၊ ၀၉ ၄၅၀၆၂၃၃၈၄**

sarpaymahar@gmail.com
www.facebook.com/maharsarpaypublishing
www.maharsarpay.com

| | |
|---|---|
| ထုတ်ဝေခြင်း | **ပထမအကြိမ်** |
| | **နိုဝင်ဘာလ၊ ၂၀၂၅ ခုနှစ်** |
| စောင်ရေ | **၅၀၀** |
| မျက်နှာဖုံးဒီဇိုင်း | **မိုးထက်မိုး** |
| ထုတ်ဝေသူ | **ဒေါ်သိမ့်သူစိုး (၀၁၂၈၅)** |
| ပုံနှိပ်သူ | **ဦးဝင့်ပိုလ်ပိုလ်(နန်းသဇင်ပုံနှိပ်တိုက်-၀၀၄၄၁) ၀၉၂၅၀၅၁၃၆၃၆** |
| | **အမှတ်-၁၉၄-၁၉၆၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့** |
| စာစီ၊ စာစစ် | **ညီမြာဆက် ၊ မြင့်ဆွေ** |
| စာအုပ်ချုပ် | **ကိုမဲ (ငွေအိမ်စည်စာအုပ်ချုပ်လုပ်ငန်း) ၀၉၂၆၄၅၆၅၆၅၇** |
| ဖြန့်ချိရေး | **မဟာစာပေ** |
| | **အမှတ်-၁၅၂၊ ဗေဓိုသုခလမ်း၊ က-ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့** |
| | **ဖုန်း - ၀၉၄၅၀၆၂၃၈၃ ၊ ၀၉၄၅၀၆၂၃၈၄** |
| တန်ဖိုး | **၆၀၀၀ ကျပ်** |

**သဲဆုမွန်**

**ဟားရီ ၊** သဲဆုမွန်
ရန်ကုန်၊ မဟာစာပေ ၊ ၂၀၂၅
စာ ၁၀၉ ၊ ၂၀.၅ × ၁၂.၅ စင်တီ
**(၁) ဟားရီ**

# ဟားရီ

## သဲဆုမွန်

မဟာစာပေ (စာစဉ် – ၁၅၂)

# ၁
# ဟာရီ

ရပ်ကွက်ငယ်လေးတစ်ခုရှိ ထောင့်ကွက်ကျသော ခြံတစ်ခြံတွင် ဆယ်ကျော်သက်အရွယ် ကလေးမငယ်လေးတစ်ယောက် ရှိ၏။ သူမကို မြင်လိုက်တိုင်း အမြဲလိုလိုပင် ပေတိပေစုတ်ကလေး ဖြစ်နေတတ်သည်။ ညစ်နွမ်းသော အသားအရေ၊ နဖူးပေါ် ဖရိုဖရဲ ကျနေသော ခပ်တိုတို ဆံပင်၊ သေးကွေးပိန်လှီသော လက်မောင်းရိုးလေးများကို ပိုင်ဆိုင်ထားသည်။

ဆောင်းတွင်းပိုင်း ရောက်လျှင်တော့ ရက်အတော်ကြာ ရေမချိုး တတ်သဖြင့် လည်ပင်းမှာ အရစ်တက်လာသည့် ကြေးကွက်လေးတစ်ကွက် ကိုလည်း အပိုဆောင်း ရရှိထားသည်။ ရယ်လိုက်လျှင် မျက်လုံးများ ပိတ်သွား တတ်ပြီး လမ်းလျှောက်သည့်အခါ ဘဲတစ်ကောင်ကဲ့သို့ ယက်ကန်ယက်ကန် သွားသည်။

သူမသည် လေးလေးနက်နက် တွေးတောသလို ဟန်ဆောင် တတ်သော်လည်း ပေါ့တီးပေါ့ဆ ရှိ၏။ သွက်လက်ပေါ့ပါးသလို ထင်ရ သော်လည်း အမှန်တကယ်မှာမူ ရှုပ်တီးရှုပ်ပွာနိုင်သူ ဖြစ်သည်။

တစ်ခါတလေတွင် အသေးအဖွဲလေးများကို ပုံကြီးချဲ့ ထိုင်တွေး နေတတ်သလို အရေးကြီးကိစ္စများတွင်တော့ အရေးမပါသလို ကျော်ဖြတ်

သွားပြန်သည်။ ပြုလုပ်မိသော ကိစ္စရပ်တိုင်းတွင်လည်း မှားမှားမှန်မှန် အကြောင်းပြချက် အဆင်သင့် ရှိနေတတ်သည်။

သူမသည် အသံကျယ်ကြီးဖြင့် အားပါးတရ ရယ်မောတတ်သည်။ ငယ်စဉ်ကပင် တရုတ်သိုင်းကားများကို ကြိုက်နှစ်သက်စွာ ကြည့်လေသည်။ သူမနာမည်ကိုလည်း တရုတ်သိုင်းကားထဲမှလို တရုတ်နာမည်တစ်ခု ရချင်၏။

ထို့ကြောင့်ပင် သူမအတွက် အိမ်နာမည်တစ်ခု ရလာခဲ့သည်။ ဟားရီ ဟူ၍ပင်။

■

# ၂
# ဟ ာ း ရိ ၏ စ ာ ကျက် န ည်း

"ဟားရီရေ၊ ငါ့ကို ယောက်မ ပေးစမ်း"

"ဟုတ်ကဲ့၊ အဘွားရေ"

ဟားရီက နေရာမှ မထခင် အသံ အရင်ပေးလိုက်သည်။ အဘွားက မီးအရှိန်လျော့စေရန် မီးဖိုထဲက ထင်းချောင်းတချို့ကို ဆွဲနုတ်နေ၏။

"အဘွား၊ ရော့"

"ဟဲ့၊ ငါ ယူခိုင်းတာ ထမင်းအိုးမွှေတဲ့ ယောက်မလေ၊ ဘယ်လိုဖြစ်လို့ မီးညှပ်ကြီး ယူလာရတာလဲ"

ဟားရီက လက်ထဲကိုင်လာမိသည်ကို သေချာပြန်ကြည့်သည်။ ပင့်တက်သွားမယောင် ဖြစ်သွားသည့် မျက်ခွံမှေးမှေးတို့အား မှင်သေသေဖြင့် ပြန်လည်ထိန်းချုပ်ရင်း အဖြေတစ်ခုကို ချက်ချင်းပေးလိုက်၏။

"ပေးမယ်လေ အဘွားရဲ့၊ လတ်တလော ထင်းတွေ ဆွဲနုတ်နေတဲ့ အဘွား လက်ပူမှာစိုးလို့ မီးညှပ် အရင်ပြေးပေးတာ၊ အခု ယောက်မ ယူပေးမယ်"

အဘွားဖြစ်သည့် ဒေါ်ပိန်က ဟားရီ၏ အကြောကို နောကျေနေဟန်ဖြင့် ခပ်မဲ့မဲ့ ကြည့်သည်။

"ဘယ်လောက်မှားမှား၊ အမြဲတမ်း ညည်းမှာ အကြောင်းပြချက် ရှိတယ်"

ဟားရီက အဘွားစကားကို မကြားဟန်ပြုကာ ယောက်မ ယူလာပေးသည်။

"ညည်း စာမေးပွဲ နီးပြီနော်၊ စာကျက်ချေဦး"

စာဆိုသည့် စကားလုံးကို နားထဲ ကြားလိုက်သည်နှင့် ခေါင်းတွေလေးပင်ကာ အိပ်ချင်လာသည်။ ဟားရီက ပါးစပ်ကို လက်ဝါးဖြင့်ကာပြီး ဝါးခနဲ တစ်ချက်သမ်းလိုက်၏။

"စာအကြောင်းပြောရင် သမ်းပြီ၊ သွား၊ စာလုပ်တော့၊ အိပ်လို့ကတော့ ငါနဲ့တွေ့ပြီပဲ"

အဘွားကို ခေါင်းညိတ်ပြပြီး ခပ်တည်တည်ဖြင့် စာအုပ် သုံး၊ လေးအုပ် ယူသည်။ ပြီးလျှင် အိမ်ခေါင်းရင်းရှိ သရက်ပင်အောက်ကို ဆင်းလာသည်။ သရက်ပင်ခြေရင်းမှာက ဖျာအဆင်သင့်။ ထိုနေရာက ဟားရီစာကျက်သည့် နေရာလား၊ အိပ်သည့်နေရာလား မသဲကွဲ။ အိမ်နီးနားချင်းတွေကတော့ ဟားရီကိုမြင်တိုင်း သရက်ပင်ခြေရင်းမှာ အိပ်မောကျနေသည်ကိုသာ တွေ့ရတတ်သည်။ ဟားရီက အရင်ဦးဆုံး ဖစ်ဆစ်စာအုပ်ကို လှန်သည်။ မျက်လုံးက စာအုပ်ကို စိုက်ကြည့်နေသော်လည်း စိတ်က ရောက်ချင်ရာရောက်နေပြန်သည်။ ရေအိုးစင် ကားမှတ်တိုင်ရှေ့က စာအုပ်အငှားဆိုင်ဆီလည်း ရောက်သည်။ လမ်းထိပ်က ဦးဝတုတ် မုန့်လုံးကြီးကိုလည်း ပြေးမြင်နေပြန်သည်။ ဟားရီက စာသာ မကျက်ချင်သော်လည်း စာအုပ်ဖတ်ရတာတော့ ကြိုက်သည်။ ပြီးလျှင် အအိပ်နှင့် အစား မက်သည်။

"စာကျက်ဆို အသံတိတ်နေပါလား"

အဘွား အသံကြားမှ ဟားရီတစ်ယောက် တွေ့ရာစာမျက်နှာကို အသံပြဲကြီးဖြင့် အော်ဖတ်လိုက်ရ၏။

"အာဘေးတိုက် ညီမျှခြင်း (.....)

ဘီတုတ်ထိုး ညီမျှခြင်း (.....)

ကျူပြောင်းပြန်"

အဘွားဒေါ်ပိန်က အိမ်ပေါ်ထပ်ပြတင်းပေါက်ကနေ ဟားရီကို ငုံ့ကြည့်ပြီး ပြုံးနေသည်။ ဒေါ်ပိန်က ဗိုင်းကောင်းကျောက်ဖိခေတ်မှာ မွေးလာသည့် ရှေးလူကြီးမို့ ကျောင်းစာကို ရေးတတ်ဖတ်တတ်ရုံလောက်သာ သင်ခဲ့

ရသည်။ ဒါကြောင့် ဟားရီကို စာတတ်စေချင်သည်။ စာအုပ်ကိုင်ပြီး အော်ဖတ်နေသည်ကိုမြင်လျှင် ဒေါ်ပိန်မှာ စိတ်ချမ်းသာလှလေပြီ။

"ဟားရီ၊ သမီး၊ ဘာတွေ ကျက်နေတာတုံး"

ဘေးခြံက အန်တီသီတာက ဇီဇဝါပန်းတွေကို ကတ်ကြေးဖြင့် ဖြတ်ရင်း မေးလာသည်။ အန်တီသီတာ့ပုံစံက တစ်ခုခုကို စဉ်းစားတွေးတော ဟန်ဖြင့် မျက်မှောင်ကြုတ်နေ၏။

"ဖစ်ဆစ်လေ အန်တီရဲ့"

"ဟင်၊ ဟုတ်လား၊ ဒါပေမဲ့၊ သမီး အော်ကျက်နေတာတွေ အန်တီ မကြားဖူးပါဘူး၊ ပြစမ်းပါဦး၊ သင်ရိုးများ ပြောင်းသွားတာလားလို့"

ဟားရီက လက်တစ်ဖက်က ခေါင်းကို ကုတ်ဖွဲ့ရင်း ကျန်လက်တစ် ဖက်ဖြင့် စာအုပ်ကို လှမ်းပေးလိုက်သည်။ အန်တီသီတာက လှန်ထားသည့် စာမျက်နှာကိုကြည့်ရင်း မျက်ခုံးနှစ်ခုက နဖူးအလယ်ထိရောက်အောင် တွန့်ကွေးသွား၏။

"ခုနက သမီးအော်လိုက်တဲ့ အာဘေးတိုက်က ဘယ်မှာလဲ"

ဟားရီက စာအုပ်ပေါ် လက်ညှိုးဖြင့် ထောက်ပြရင်း ဒီမှာဟု ဆိုသည်။

"ဟယ်တော့၊ ဘယ်က အာအေးတိုက်တုံး၊ အဲဒါ အယ်ဖာလေ၊ ဟားရီရဲ့"

အန်တီသီတာက မျက်လုံးကြီးပြူးပြီး ဟားရီကို ကြည့်သည်။

"နေစမ်းပါဦး၊ ဘီတုတ်ထိုးကရော"

"ဒါ"

"ဘယ့်နှယ်၊ အဲဒါ ဘီတာပါဟဲ့"

"ကဲ၊ ကျူပြောင်းပြန်ကို ပြပါဦး"

ဒီတစ်ခါတော့ ဟားရီလက်ညှိုးက စာရွက်ပေါ်သို့ မထိတထိ။

အန်တီသီတာ့ မျက်နှာကိုလည်း မသိမသာ ပြန်ကြည့်သည်။

"မှတ်ထား၊ အဲဒါ သီတာဟဲ့၊ ငါ့နာမည်နဲ့ တူတယ်လေ၊ ကလေး တွေကို အမှားတွေ သင်ရတယ်လို့တော်၊ ဆရာမတွေကို ငါ လိုက်ပြော ပေးရမလား"

အန်တီသီတာ့စကားကြောင့် ဟားရီ ဆတ်ခနဲ တွန့်သွားသည်။

"မဟုတ်၊ မဟုတ်ပါဘူး အန်တီရဲ့"

"ဒါဆို၊ နင်က ဘာလို့ တလွဲတွေ အော်ဖတ်နေရတာလဲ"

"ဟိုဟာလေ၊ အဘွားကိုတော့ မတိုင်ပါနဲ့နော်၊ တကယ်တော့လေ စာသင်ချိန်မှာ သမီး အိပ်ငိုက်နေလို့ ဘာမှ မသိလိုက်လို့ပါ"

အန်တီသီတာက ဟားရီကိုကြည့်ကာ တအံ့တဩ ဖြစ်နေသည်။

"ကျူပြောင်းပြန်တို့၊ ဘီတုတ်ထိုးတို့ကရော ဘယ်သူ ပြောလို့လဲ"

ဟားရီက ထုံးစံအတိုင်း ခေါင်းကို စုံကုတ်ကာ ပါးစပ်ကို ပြဲနေအောင် ရယ်ပြရင်း ဖြေလိုက်သည်။

"ဟီး၊ သမီးဘာသာသမီး ထွင်ထားတာ"

"ဟယ်တော့်၊ ဒါကိုများ ယုံကြည်ချက်ရှိရှိ အကျယ်ကြီး အော်ကျက်နေတယ်၊ သူများကြားမှာ မရှက်ဘူးလား"

"အို၊ အန်တီကလည်း၊ ဒါတွေက ပကာသနတွေပါ၊ လူတွေတောင် ကြိုက်သလို နာမည်မှည့်ခေါ်ခွင့် ရှိတာပဲ၊ ဒီသင်္ကေတလေးတွေကိုလည်း ကိုယ်ကြိုက်တဲ့ နာမည်ပေးတော့ ဘာဖြစ်မှာတုံးလို့၊ အရေးကြီးတာ ကိုယ်မှတ်မိဖို့ပဲ မဟုတ်လား"

ဟားရီက အကြောင်းပြချက်ကို အစဆွဲထုတ်သည်။ ဟားရီ၏ ရာဇဝင်တွင် အမှားဆိုသည်မှာ မရှိစေရ။ အန်တီသီတာက ပါးစပ်အဟောင်းသားဖြင့် ဟားရီအား ငေးကြည့်သည်။ ပြတင်းဝမှာ ဒေါ်ပိန်၏ခေါင်းက နောက်တစ်ကြိမ် ပေါ်လာပြန်သည်။ ဟားရီက စာအုပ်ကိုကိုင်ပြီး ဖင်ကုန်း အော်လိုက်၏။

"အာဘေးတိုက် ညီမျှခြင်း (.....)

ဘီတုတ်ထိုး ညီမျှခြင်း (.....)

ကျူပြောင်းပြန် (.....×)"

■



# စာရေးသူ၏ ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ သဲဆုမွန်ဖြစ်ပြီး အဘဦးကြည်တင်နှင့် အမိ ဒေါ်ဆင့်ဆင့်နိုင်တို့မှ (၁၁.၁၀.၁၉၈၅) ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွား ခဲ့သည်။ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် အ.ထ.က (၆) ရွှေပေါက်ကံမှ တက္ကသိုလ် စာမေးပွဲကို အောင်မြင်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ဒဂုံတက္ကသိုလ်မှ ရုက္ခဗေဒ ဘာသာရပ်ဖြင့် သိပ္ပံဘွဲ့ကို ရရှိခဲ့ပါသည်။

၂၀၀၃ ခုနှစ် ဒီဇင်ဘာလထုတ် မှုခင်းရှုထောင့် မဂ္ဂဇင်းတွင် သဲနုဇ ကလောင်အမည်ဖြင့် ဝတ္ထုတို စတင်ရေးသားခဲ့သည်။ ထို့နောက် ဇော်သ ဂျာနယ်တွင် အမည်ရင်း သဲဆုမွန်ဖြင့်သာ ကဗျာနှင့် ဝတ္ထုတိုလေး များ အပတ်စဉ် ရေးသားခဲ့ပါသည်။

၂၀၁၅ ခုနှစ်တွင် ပထမဆုံး ဝတ္ထုတိုစုစည်းမှု စာအုပ်လေးကို ရန်အောင်စာပေ ၂ မှ 'ပိတ်စအရုပ်မလေးများ' အမည်ဖြင့် ထွက်ရှိခဲ့ပါ သည်။ ၂၀၂၁ ခုနှစ်တွင် ဆန်းစသော်တာစာပေမှ 'ကြေးကွမ်းအစ်ကလေး' ဝတ္ထုတို စုစည်းမှုအား ဒုတိယမြောက် စာအုပ်ကလေးအနေဖြင့် ထွက်ရှိ ခဲ့ပါသည်။ ထို့နောက် ဥဒါန်းသစ် မဂ္ဂဇင်းတွင်လည်း ဝတ္ထုတိုလေးများ ရေးသားခဲ့ပါသည်။

၂၀၂၄ ခုနှစ်တွင် ပထမဆုံး လုံးချင်းဝတ္ထုအဖြစ် 'ဘာလစ်ကမ်ပုန်း' စာအုပ်ကို လမ်းပြကြယ်စာပေမှလည်းကောင်း၊ ဒုတိယမြောက် လုံးချင်း 'တွဲနံပါတ် ၈' ကို မြဝတ်ချို စာပေတို့မှလည်းကောင်း ထွက်ရှိခဲ့ပါသည်။

တတိယမြောက် လုံးချင်းအဖြစ် **'အတိတ်ရဲ့ အခြား တစ်ဖက်မှာ'** ကို မဟာစာပေမှ ထွက်ရှိခဲ့ပြီး ယခုထွက်ရှိသော **'ဟားရီ'** မှာ စတုတ္ထမြောက် လုံးချင်းဝတ္ထုဖြစ်သည်။ ဆက်လက်ပြီး ရသ စာပေလေးများ ဖန်တီးနိုင်ရန် ကြိုးစားအားထုတ်နေပါဦးမည်။

■